## ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားစေခြင်း

## (၂)

### အဓိကသော့ချက်များ

လူ့ဇာတိခံခြင်းမှတစ်ဆင့် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်သည် လူသားဇာတိကို ယူတင်ခဲ့ပြီး၊ ဘုရား-လူ ဖြစ်လာခဲ့သည်။ ထို့နောက် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် အဦးဖွားသောသားတော်ဖြစ်ရန် မွေးဖွားလာခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် ကိုယ်တော်၏ ယုံကြည်သူများအားလုံးသည် ဘုရားသခင်၏များစွာသောသားများဖြစ်ရန် မွေးဖွားလာခဲ့သည်။

သုံးပါးတစ်ပါးဘုရားသည် လူ့ဇာတိခံခြင်း၊ ကားတိုင်မှာအသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ကို အဆင့် ဆင့် ဖြတ်ကျော်ကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ "သိပ္ပံဆိုင်ရာ"တရား၊ အလိုအလျောက်ဖြစ်သော တရားအဖြစ် တပ်ဆင်ထားသည့် အသက်၏ဝိညာဉ်တော်တရား ဖြစ်လာခဲ့ပြီ ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏စီမံကိန်း၌ အကြီးမားဆုံးသော ရှာဖွေတွေ့ရှိမှုများ၊ ပြန်လည်ရယူခြင်းများမှ တစ်ခုဖြစ်သည်။

ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်မှ မွေးဖွားပြီး၊ ဘုရားသခင်၏အသက်နှင့် သဘောသဘာဝကို ပိုင်ဆိုင်ကာ၊ ဘုရားသခင်၏မျိုးစိတ်နှင့် သက်ဆိုင်သည့် ဘုရား-လူများ ဖြစ်ကြသည်။ ယခု ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် မေတ္တာနှင့် အလင်း၌၊ မေတ္တာသည် ဘုရားသခင်၏အတွင်းပိုင်း ဒြပ်ကိုယ်ထည်နှင့်၊ အလင်းသည် ဘုရားသခင်၏ ထင်ရှားသော ဒြပ်သဘာဝ ဖြစ်ခြင်းနှင့်အတူ လျှောက်လှမ်းသင့်ပါသည်။

ခရစ်တော်သည် ဘုရားသခင့်လက်နက်စုံ၏ စေ့စပ်ထုံးဖွဲ့ပါဝင်မှုများဖြစ်ပြီး၊ ဆုတောင်းခြင်းသည် ဘုရားသခင်၏လက်နက်စုံဖြစ်သည့် ခရစ်တော်ကို ယူဆောင်လျှောက်လှမ်းရန် တုနှိုင်းရမဲ့သော၊ လက်တွေ့ကျသော နည်းလမ်းဖြစ်သည်။

*© 2024 Living Stream Ministry*

Message One

## ဒါဝိဒ်၏သားတော်သည် ဘုရားသခင်၏သားတော် ဖြစ်လာခြင်း

ဖတ်ရန်ကျမ်း ။ ။ တ၊ ၁၃:၂၃၊ ၃၃။ ရော၊၁:၃-၄။ ၈:၂၉

**I. တမန်တော် ၁၃ ၌ ပေါလုက ဒါဝိဒ်၏မျိုးစေ့မှ "ဘုရားသခင်သည် ကတိတော်အတိုင်း၊ ကယ်တင်ရှင် ယေရှုကို အစ္စရေး လူတို့အား ပေါ်ထွန်းစေတော်မူပြီ" ဟု ပြောခဲ့ပြီး (အငယ်၂၃)၊ ""သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေ ပြီ"ဟု ဆာလံကျမ်း ဒုတိယခန်း၌ လာသည်နှင့်အညီ၊ ဘုရားသခင်သည် ယေရှုကို ထမြောက်စေတော်မူသဖြင့်၊ ဤကတိ တော်ကို ... ပြည့်စုံစေတော်မူပြီ" (အငယ်၃၃) ဟု ပြောထားသည်။**

A. အငယ် ၃၂ နှင့် ၃၃ ၌ ဘုရားသခင်၏ သားဦးဖြစ်သော ခရစ်တော်သည် ဘိုးဘေးများထံ ကတိပေးထားခဲ့ပြီး၊ ဘုရား သခင်က ယေရှုကို ထမြောက်စေခြင်းအားဖြင့် ဤကတိတော်ကို ပြည့်စုံစေခဲ့ကြောင်း မြင်ရသည်။

B. ရှင်ပြန်ထမြောက်ခြင်းသည် လူသား ယေရှုအဖို့ မွေးဖွားခြင်းတစ်ခု ဖြစ်သည်။

1. ကိုယ်တော်သည် များစွာသော ညီများအလယ်တွင် ဘုရားသခင်၏ သားဦးဖြစ်လာရန် သူ၏ ရှင်ပြန်ထမြောက်ခြင်း ၌ ဘုရားသခင်အားဖြင့် မွေးဖွားခံရသည် - ရော၊၈:၂၉။
2. ကိုယ်တော်သည် ထာဝရကာလမှစ၍ ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် ဖြစ်ခဲ့သည် - ယော၊၁:၁၈။ ၃:၁၆။
3. ကိုယ်တော်၏လူ့ဇာတိခံခြင်းပြီးနောက် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်သည် ဘုရားသခင်၏သားဦး ဖြစ်လာရန် လူသားဇာတိ၌ ဘုရားသခင်အားဖြင့် မွေးဖွားခံရသည် - ဟေဗြဲ၊၁း၆။

C. ပေါလုသည် ဆာလံ ၂း၇ တွင် သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းကို မြင်ရန် တတ်စွမ်းနိုင်ခဲ့သည် - "သင်သည် ငါ့သား ဖြစ်၏။ / ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ။"

1. ပေါလုက *ယနေ့* ဟူသောစကားလုံးကို သခင်ဘုရား၏ရှင်ပြန်ထမြောက်ရာနေ့အဖြစ် ယူဆောင်ခဲ့သည်။
2. ဤသည်မှာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏သားဦးအဖြစ် ကိုယ်တော်မွေးဖွားခဲ့ကြောင်း ဆိုလိုသည်။
3. လူသားတော်ဖြစ်သည့် ယေရှုသည် သေခြင်းမှ ထမြောက်ခံရခြင်းမှတစ်ဆင့် ဘုရားသခင်၏သားတော်ဖြစ်လာရန် မွေးဖွားခဲ့သည်။ ထို့ကြောင့် ဘုရားသခင်က ယေရှုကို သေခြင်းမှထမြောက်စေခြင်းမှာ ကိုယ်တော်၏သားဦးဖြစ် လာရန် မွေးဖွားလာခြင်း ဖြစ်သည် - တ၊၁၃း၃၃။

D. လူ့ဇာတိခံခြင်းမှတစ်ဆင့် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်သည် လူသားဇာတိကို ယူတင်ခဲ့ပြီး၊ ဘုရား-လူ ဖြစ်လာခဲ့သည် (ယော၊၁း၁၄၊ ၁၈။ လု၊၁း၃၅)။ ထို့နောက် ရှင်ပြန်ထမြောက်ခြင်း၌ ဤဘုရား-လူသည် ကိုယ်တော်၏ သားဦးဖြစ်လာရန် ဘုရားသခင်၏မွေးဖွားခြင်း ခံရသည် (တ၊၁၃း၃၃။ ဟေဗြဲ၊၁း၆။ ရော၊၈း၂၉)။

1. လူ့ဇာတိခံခြင်းမတိုင်မီ ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်သည် လူသားသဘောသဘာဝ မရှိသေးပါ၊ ကိုယ်တော်၌ ဘုရားသဘောသဘာဝသာ ရှိသည်။
2. ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏သားဦးသည် လူသားသဘောသဘာဝသာမက၊ ဘုရားသဘောသဘာဝ လည်း ရှိပြီဖြစ်သည်။

E. ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် အဦးဖွားသောသားတော်ဖြစ်ရန် မွေးဖွားလာခဲ့ပြီး၊ တစ်ချိန်တည်းမှာ ပင် ကိုယ်တော်၏ယုံကြည်သူများအားလုံးသည် ဘုရားသခင်၏များစွာသောသားများဖြစ်ရန် မွေးဖွားလာခဲ့သည် - ၁ပေ၊၁း၃။ ဟေဗြဲ၊၂း၁၀။

1. ဤများစွာသော သားများအလယ်တွင် သားဦးသာလျှင် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် ဖြစ်သည် - ယော၊၁း၁၈။ ၁ယော၊၄း၉။

2. ဘုရားသခင်၏ ဤတစ်ပါးတည်းသောသားတော်သည် ရှင်ပြန်ထမြောက်သော လူသားဇာတိ၌ ဘုရားသခင်၏ သားဦးလည်း ဖြစ်တော်မူသည် - ရော၊၈း၂၉။
3. သားဦးသည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးရှိပြီး၊ ဘုရားသခင်၏များစွာသောသားများအဖြစ် ကိုယ်တော်၏ ယုံကြည်သူများသည်လည်း ဘုရားသဘောသဘာဝနှင့် လူသားသဘောသဘာဝနှစ်ခုလုံး ပိုင်ဆိုင်ကြသည် - ၂ပေ၊ ၁း၄။

## II. ကျွန်ုပ်တို့က ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏လူသားသဘောသဘာဝနှင့်အတူ တန်ခိုးတော်၌ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရကြောင်း သိကျွမ်းရန်လိုအပ်သည် - ရော၊၁း၃-၄။

A. ကိုယ်တော်၏ လူ့ဇာတိခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမတိုင်မီ ခရစ်တော်သည် ဘုရားသခင်၏ သားတော်၊ တစ်ပါးတည်းသောသားတော် ဖြစ်ခဲ့သည် - ယော၊၁း၁၈။ ၃း၁၆။
B. ခရစ်တော်သည် လူ့ဇာတိခံခြင်းမတိုင်မီ ဘုရားသခင်၏သားတော်ဖြစ်ခဲ့ပြီးသား ဖြစ်သော်လည်း၊ ရှင်ပြန်ထမြောက်ခြင်းထဲမှ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်ခံရရန် လိုအပ်နေဆဲဖြစ်သည်၊ အကြောင်းမှာ လူ့ဇာတိခံခြင်းအားဖြင့် ကိုယ်တော်သည် လူသားသဘောသဘာဝကို ယူတင်ခဲ့ပြီး၊ ယင်းသည် ဘုရားဇာတိနှင့် ဘာမျှသက်ဆိုင်မှုမရှိသောကြောင့် ဖြစ်သည် - ၁း၁၊ ၁၄။ ရော၊၈း၃။
   1. ဘုရားသခင်၏သားတော်သည် လူ့ဇာတိခံလာပြီးနောက် ကိုယ်တော်၏ ဘုရားသဘောသဘာဝသည် အသွေးအသားအားဖြင့် ဖုံးအုပ်ခံထားရသည်။
   2. ခရစ်တော်သည် ဘုရားဇာတိ၌ ဘုရားသခင်၏သားတော်ဖြစ်ခဲ့ပြီးသား ဖြစ်သည်၊ သို့သော် မာရိမှ မွေးဖွားလာသော လူသားသဘောသဘာဝနှင့်အတူ ယေရှုတည်းဟူသော ကိုယ်တော်၏အစိတ်အပိုင်းသည် ဘုရားသခင်၏သားတော် မဖြစ်သေးပါ - လု၊၁း၃၁-၃၂၊ ၃၅။
   3. ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ခရစ်တော်သည် ကိုယ်တော်၏လူသားသဘောသဘာဝ၊ ကိုယ်တော်၏လူသားဇာတိကို သန့်ရှင်းစင်ကြယ်စေခြင်းနှင့် မြှင့်တင်ခြင်းပြုခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်းထဲက ဤလူသားသဘောသဘာဝနှင့်အတူ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် - ရော၊၁း၃-၄။ တ၊၁၃း၃၃။ ဟေဗြဲ၊၁း၅။
   4. ဤဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရခြင်းမှုဦး "တန်ခိုးတော်၌"၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်၊ ထိုဝိညာဉ်တော်ဖြစ်သော စစ်မှန်ခြင်း ဖြစ်သည် - ရော၊၁း၄။ ဖိ၊၃း၁၀။ ဧ၊၁း၁၉-၂၀။
C. ရှင်ပြန်ထမြောက်ခြင်း၌ ခွဲခန့်မှတ်သားခံရခြင်းမှတစ်ဆင့် လူ့ဇာတိခံခြင်းမတိုင်မီကပင် ဘုရားသခင်၏သားတော်ဖြစ်ခဲ့ပြီးသော ခရစ်တော်သည် အသစ်သောနည်းလမ်း၌ ဘုရားသခင်၏သားတော် ဖြစ်လာခဲ့သည် - ရော၊၁း၄။
   1. ကိုယ်တော်၏လူ့ဇာတိခံခြင်းမတိုင်မီက ကိုယ်တော်၏ ဘုရားဇာတိသာရှိသော ဘုရားသခင်၏သားတော်ဖြစ်ခဲ့သည်။ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကိုယ်တော်သည် ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးရှိသော ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် - အငယ်၊၄။
   2. ခရစ်တော်သည် လူသားသဘောသဘာဝကို ယူတင်ခဲ့ခြင်းမရှိလျှင် ကိုယ်တော်ကို ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားဖို့ လိုအပ်မည်မဟုတ်ပေ၊ အကြောင်းမှာ ကိုယ်တော်၏ဘုရားဇာတိ၌ ကိုယ်တော်သည် ထာဝရကာလမှပင် ဘုရားသခင်၏သားတော်ဖြစ်ခဲ့ပြီးသား ဖြစ်သည် - ယော၊၁း၁၈။ ၁၇း၅။
   3. လူ့ဇာတိခံခြင်းမှတစ်ဆင့် လူသားဇာတိကို ယူတင်ဝတ်ဆင်ခြင်းအားဖြင့် ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ လူသားဇာတိနှင့်အတူ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် - ၁း၁၄။ ရော၊၈း၃။ ၁း၃-၄။ ဟေဗြဲ၊၂း၁၄။
      a. ခွဲခန့်မှတ်သားခံရသော ဘုရားသခင်၏သားတော်အဖြစ် ခရစ်တော်၌ ဘုရားဇာတိနှင့် လူသားဇာတိ ဟူသော သဘောသဘာဝနှစ်ခု ရှိခဲ့သည်။ ယခု ကိုယ်တော်၌ရှိသည့် လူသားဇာတိသည် ဇာတိဆိုင်ရာ လူသားဇာတိ မဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ မြှင့်တင်ခံရသော လူသားဇာတိဖြစ်သည် - ရော၊၁း၄။

b. ခရစ်တော်၏ လူသားသဘောသဘာဝသည်ပင် ဘုရားသခင်၏ သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည်၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားဇာတိနှင့်လူသားဇာတိ နှစ်ခုလုံးနှင့်အတူ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသောကြောင့်ဖြစ်သည်။

D. ခရစ်တော်သည် လူသားဇာတိနှင့်အတူ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရခြင်းမှာ "သန့်ရှင်းခြင်း၏ ဝိညာဉ်တော်အတိုင်း" ဖြစ်သည် - အငယ်၊၄။

1. သန့်ရှင်းခြင်း၏ဝိညာဉ်တော်သည် သခင်ယေရှုအတွင်းရှိ အသက်အနှစ်သာရဖြစ်သည်။ ကိုယ်တော်သည် အသွေးအသား၌ မြေကြီးပေါ် အသက်ရှင်စဉ်က ဤအနှစ်သာရသည် ကိုယ်တော်အတွင်း၌ ရှိခဲ့သည် - မ၊၁း၁၈၊ ၂၀။ လု၊၁း၃၅။

2. သခင်ယေရှုသည် သေခြင်းအလယ်မှ ရှင်ပြန်ထမြောက်သောအခါ ကိုယ်တော်၌ရှိခဲ့သော သန့်ရှင်းခြင်း၏ဝိညာဉ်တော်အတိုင်း ရှင်ပြန်ထမြောက်ခြင်းအားဖြင့် တန်ခိုးတော်၌ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရသည် - ရော၊၁း၄။

3. ယခု ကိုယ်တော်သည် ယခင်ကထက် ပို၍ အံ့သြဖွယ်ကောင်းသော နည်းလမ်း၌ ဘုရားသခင်၏သားတော်ဖြစ်လာခဲ့သည်၊ အကြောင်းမှာ ယခု ကိုယ်တော်၌ ဘုရားသဘောသဘာဝနှင့် ရှင်ပြန်ထမြောက်သော၊ ပုံသဏ္ဍာန်ပြောင်းလဲသော၊ မြှင့်တင်ခံရသော၊ ဘုန်းထင်ရှားသော၊ ခွဲခန့်မှတ်သားခံရသော လူသားသဘောသဘာဝနှစ်ခုလုံး ရှိပြီဖြစ်သည် - ဖိ၊၄။ လု၊၂၄း၂၆။ ယော၊၁၇း၅။ တ၊၃း၁၃။

E. ကျွန်ုပ်တို့သည် ရောမ ၁း၃-၄ နှင့် ၈း၂၉ ကို ဆက်စပ်ရန် လိုအပ်သည်။

1. ကိုယ်တော်၏ လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဘုရားသခင်၏သားတော်ဖြစ်သည့် ခရစ်တော်သည် သားဦးဖြစ်လာခဲ့ပြီး၊ ခရစ်တော်၏ညီများဖြစ်သည့် များစွာသောသားများသည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်သို့ သဏ္ဍာန်တူညီလျက်ရှိနေကြသည် - ဟေဗြဲ၊၂း၁၀-၁၁။ ရော၊၈း၂၉။

2. ရောမ ၁း၃-၄ တွင် ဘုရားသခင်၏သားတော် ခရစ်တော်သည် ပုံစံနမူနာဖြစ်ပြီး၊ ၈း၂၉ တွင် များစွာသောသားများသည် ပုံစံနမူနာမှ "အမြောက်အမြားထုတ်လုပ်ခြင်း" ခံရသောသူများဖြစ်ကြကာ၊ အသက်၌ ကယ်တင်ခံရခြင်းအားဖြင့် သားဦး၏ ပုံသဏ္ဍာန်တော်သို့ သဏ္ဍာန်တူညီလာကြလိမ့်မည်ဖြစ်သည်။

3. ဤအရာက ကျွန်ုပ်တို့ကို ဘုရားဖြစ်လာစေခြင်းအကြောင်းအရာသို့ ခေါ်ဆောင်ပေးပြီး၊ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင် လူဖြစ်လာ၍၊ ထိုသို့ဖြင့် ခရစ်တော်၌၊ ခရစ်တော်၌ယုံကြည်သူများနှင့် ဘုရားသခင်၏သားများဖြစ်သော ကျွန်ုပ်တို့သည် အသက်၌၊ သဘောသဘာဝ၌၊ စေ့စပ်ထုံးဖွဲ့မှု၌ ဘုရားဖြစ်လာကြရန် ဖြစ်သည် (သို့သော် ဦးခေါင်းအရာ၌ မဟုတ်ပါ)။ ထိုသို့သော ရည်ညွှန်းပြောဆိုချက်သည် အလွန်အမင်းကြီးမြတ်လှပြီး၊ နောက်ဆုံးတွင် သမ္မာကျမ်းစာသည် ဤအကြောင်းအရာဖြင့် ပြီးမြောက်ပြည့်စုံသွားသည် - ရော၊၈း၂၉။၁း၃-၄။ ယော၊၁း၁-၁၃။ ၁ယော၊၃း၁။ ဗျာ၊၂၁း၂၊ ၁၀-၁၁။

© 2024 Living Stream Ministry